# စင်ကာပူနိုင်ငံမှ ထွက်ခွာမည့် လေကြောင်းခရီးသည်များ၊ လေယာဉ်ဖြင့် သယ်ဆောင်သည့် ကုန်စည်များ လေကြောင်းပျံသန်းမှုများအပေါ် Sustainable Aviation Fuel ကောက်ခံမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ စင်ကာပူမြို့မှ အခြားနိုင်ငံသို့ ထွက်ခွာမည့် လေကြောင်းခရီးသည်များနှင့် လေယာဉ်ဖြင့် သယ်ဆောင်သည့် ကုန်စည်များ၊ လေကြောင်းပျံသန်းမှုများအပေါ် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်သည့် လေယာဉ်ဆီ အခွန် (Sustainable Aviation Fuel levy – SAF Levy) ကို ကောက်ခံမည်ဖြစ်ကြောင်း စင်ကာပူမြို့ပြ လေကြောင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါသတ်မှတ်ချက်သည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရောင်းချထားသည့် လက်မှတ်များနှင့် ဝန်ဆောင်မှုများ အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

၂။ လေကြောင်းလိုင်းသည် SAF Levy ကို ကောက်ခံပေးမည်ဖြစ်ပြီး လေယာဉ်လက်မှတ်ပေါ်တွင် SAF Levy ကောက်ခံမှုကို ထင်ရှားစွာ ဖော်ပြပေးရမည် ဖြစ်ပါသည်။ SAF Levy ကောက်ခံရန် အတွက် ပထဝီအနေအထားအရ အောက်ပါအတိုင်း အုပ်စု ၄ စုခွဲထားပါသည်-

| အုပ်စု | ဒေသနှင့်နိုင်ငံ |
|---|---|
| ၁ | အရှေ့တောင်အာရှ |
| ၂ | အရှေ့မြောက်အာရှ၊ တောင်အာရှ၊ ဩစတြေးလျ၊ ပါပူဝါ နယူးဂီနီ |
| ၃ | အာရှအလယ်ပိုင်းနှင့် အာရှအနောက်ပိုင်း၊ ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသ၊ ပစိဖိတ်ကျွန်းများ၊ နယူးဇီလန် |
| ၄ | အမေရိက |

၃။ စီးနင်းလိုက်ပါသည့် နေရာအမျိုးအစားများကို Economy Cabin နှင့် Premium Cabin ဟူ၍ ၂ မျိုးသတ်မှတ်ထားပါသည်။ Economy Cabin တွင် Economic Class နှင့် Premium Economy Class တို့ပါဝင်ပြီး Premium Cabin တွင် Business Class နှင့် First Class တို့ ပါဝင်မည်ဖြစ်ပါသည်။ အုပ်စု ၄ စုအပေါ်အခြေခံ၍ နေရာအမျိုးအစားအလိုက် SAF Levy ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| အုပ်စု | ခရီးသည်များအပေါ် ကောက်ခံမည့် SAF Levy | |
|---|---|---|
| | Economy Cabin (စင်ကာပူဒေါ်လာ) | Premium Cabin (စင်ကာပူဒေါ်လာ) |
| အုပ်စု ၁<br>အရှေ့တောင်အာရှ | ၁.၀၀ | ၄.၀၀ |

| အုပ်စု | ခရီးသည်များအပေါ် ကောက်ခံမည့် SAF Levy | |
|---|---|---|
| | Economy Cabin (စင်ကာပူဒေါ်လာ) | Premium Cabin (စင်ကာပူဒေါ်လာ) |
| အုပ်စု ၂<br>အရှေ့မြောက်အာရှ၊ တောင်အာရှ၊ သြစတြေးလျ၊ ပါပူအာ နယူးဂီနီ | ၂.၈၀ | ၁၁.၂၀ |
| အုပ်စု ၃<br>အာရှအလယ်ပိုင်းနှင့် အာရှအနောက်ပိုင်း၊ ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသ၊ ပစိဖိတ်ကျွန်းများ၊ နယူးဇီလန် | ၆.၄၀ | ၂၅.၆၀ |
| အုပ်စု ၄<br>အမေရိက | ၁၀.၄၀ | ၄၁.၆၀ |

၄။ စင်ကာပူနိုင်ငံမှ သယ်ဆောင်မည့် ကုန်စည်များအပေါ် SAF Levy ကို တစ်ကီလိုဂရမ်နှုန်းဖြင့် ခရီးအကွာအဝေးအပေါ် အခြေခံ၍ ကောက်ခံမည်ဖြစ်ပါသည်။ လေယာဉ်ကုမ္ပဏီသည် SAF Levy ကို ကောက်ခံပေးမည်ဖြစ်ပြီး လေကြောင်းကုန်ပို့လွှာတွင် SAF Levy ကောက်ခံမှုကို ထင်ရှားစွာဖော်ပြပေးရမည်ဖြစ်ပါသည်။ အုပ်စု ၄ စုအပေါ်အခြေခံ၍ SAF Levy ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| အုပ်စု | ကုန်စည်အတွက် SAF Levy (တစ်ကီလိုဂရမ်အပေါ် နှုန်းထား-စင်ကာပူဒေါ်လာ) |
|---|---|
| အုပ်စု ၁<br>အရှေ့တောင်အာရှ | ၀.၀၁ |

| | |
|---|---|
| အုပ်စု ၂<br>အရှေ့မြောက်အာရှ၊ တောင်အာရှ၊ ဩစတြေးလျ၊ ပါပူအာ နယူးဂီနီ | ၀.၀၄ |
| အုပ်စု ၃<br>အာရှအလယ်ပိုင်းနှင့် အာရှ အနောက်ပိုင်း၊ ဥရောပ၊ အရှေ့ အလယ်ပိုင်းဒေသ၊ ပစိဖိတ်ကျွန်းများ၊ နယူးဇီလန် | ၀.၀၉ |
| အုပ်စု ၄<br>အမေရိက | ၀.၁၅ |

၅။ SAF Levy ကို သင်ကြားရေးလေယာဉ်များ၊ ပရဟိတ သို့မဟုတ် လူသားချင်းစာနာမှုတို့အတွက် ပျံသန်းသည့် လေယာဉ်များအပေါ် ကောက်ခံမည်မဟုတ်ပါ။ အထွေထွေနှင့် စီးပွားရေးဆိုင်ရာလေကြောင်းပျံသန်းမှုအတွက် SAF Levy ကို လေယာဉ်တစ်စီးနှုန်းဖြင့် ခရီးအကွာအဝေး၊ International Civil Aviation Organization Code (ICAO Code) ၏ လေယာဉ်အရွယ်အစားကို ခွဲခြားသည့် လေယာဉ်တောင်ပံအကွာအဝေးအတွက် ကုဒ် A မှ F အပေါ် အခြေခံ၍ ကောက်ခံမည်ဖြစ်ပါသည်။ ကောက်ခံမည့်နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ICAO Code Letter | Wingspan (in m) | Aircraft Examples | SAF Levy (by aircraft) | | | |
|---|---|---|---|---|---|---|
| | | | အုပ်စု ၁ | အုပ်စု ၂ | အုပ်စု ၃ | အုပ်စု ၄ |
| | | | စင်ကာပူဒေါ်လာ | | | |
| A | >၁၅ | Cessna 404 Titan | ၄၀ | ၁၁၀ | ၂၄၀ | ၃၉၀ |
| B | ၁၅-၂၄ | Bombardier Challenger 600/Gulfstream G-IV/Embraer ERJ-135 | ၁၀၀ | ၂၈၀ | ၆၄၀ | ၁၀၄၀ |

| ICAO Code Letter | Wingspan (in m) | Aircraft Examples | SAF Levy (by aircraft) | | | |
|---|---|---|---|---|---|---|
| | | | အုပ်စု ၁ | အုပ်စု ၂ | အုပ်စု ၃ | အုပ်စု ၄ |
| | | | စင်ကာပူဒေါ်လာ | | | |
| C | ၂၄-၃၆ | Bombardier Global 6000/ Gulfstream G650 | ၁၉၀ | ၅၃၀ | ၁၂၀၀ | ၁၉၅၀ |
| D | ၃၆-၅၂ | A310-200/ B767-300 | ၃၈၀ | ၁၀၅၀ | ၂၄၀၀ | ၃၉၀၀ |
| E | ၅၂-၆၅ | A350-900/ B787-9/10 | ၅၇၀ | ၁၅၈၀ | ၃၆၀၀ | ၅၈၅၀ |
| F | ၆၅-၈၀ | A380/B747-8 | ၆၃၀ | ၁၇၅၀ | ၄၀၀၀ | ၆၅၀၀ |

၆။ ကောက်ယူရရှိသည့် SAF Levy ကို SAF Fund အဖြစ် စုစည်းထားမည်ဖြစ်ပြီး Singapore Sustainable Aviation Fuel Company Ltd. က SAF ဝယ်ယူရေးနှင့် စီမံအုပ်ချုပ်မှု ကုန်ကျစရိတ်တို့အတွက် စီမံခန့်ခွဲမည်ဖြစ်ပါသည်။ ICAO သည် ၂၀၅၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းပျံသန်းမှုများအတွက် ကာဗွန်ထုတ်လွှတ်မှုသုညဖြစ်စေရေး ရေရှည်မျှော်မှန်းချက် ပန်းတိုင်ချမှတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းအစုအဖွဲ့နှင့် ICAO ကောင်စီအဖွဲ့ဝင်ဖြစ်သည့် စင်ကာပူနိုင်ငံသည် အဆိုပါပန်းတိုင်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။

၇။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ စင်ကာပူမြို့မှ အခြားနိုင်ငံသို့ ထွက်ခွာမည့် လေကြောင်းခရီးသည်များနှင့် လေယာဉ်ဖြင့် သယ်ဆောင်သည့် ကုန်စည်များ၊ လေကြောင်းပျံသန်းမှုများအပေါ် Sustainable Aviation Fuel levy ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

Source: (သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)